**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ**

**(အမှတ်၊ ၈၂ / ၂၀၁၉)**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ( ၄ )ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)**

**အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်၍ ပြင်ဆင်ရေးဆွဲရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးမူဝါဒ (၁၉၉၃) အား ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ပြောင်းလဲလာသော အခြေအနေများနှင့်အညီ အမျိုးသားကျန်းမာရေးမူဝါဒ ချမှတ်ကျင့်သုံးနိုင်ရန်အတွက် **"အမျိုးသားကျန်းမာရေးမူဝါဒအား ပြန်လည်ဆန်းစစ်သုံးသပ်၍ ပြင်ဆင်ရေးဆွဲရေး ဦးဆောင်ကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ၁။ | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃။ | အမြဲတမ်းအတွင်းဝန် (၁)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄။ | အမြဲတမ်းအတွင်းဝန် (၂)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| ၈။ | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ၁၀။ | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဤအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ -

(က) အမျိုးသားကျန်းမာရေးမူဝါဒများ လေ့လာသုံးသပ်၍ လက်တွေ့ရေးဆွဲဆောင်ရွက်မည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် လမ်းညွှန်မှုပေးရန်၊

(ခ) အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်သုံးသပ်ရေးနှင့် ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီအား လမ်းညွှန်မှုပေးရန်၊

(ဒေါက်တာမြင့်ထွေး)<br>
ပြည်ထောင်စုဝန်ကြီး

ဖြန့်ဝေခြင်း

- ဒုတိယဝန်ကြီး
- အမြဲတမ်းအတွင်းဝန်များ
- ညွှန်ကြားရေးမှူးချုပ် (ဦးစီးဌာနအားလုံး)
- ပါမောက္ခချုပ်အားလုံး
- ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး၊ အားကစား)
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ဦးစီးဌာနအားလုံး)
- တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးအားလုံး
- ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ
- ရုံးလက်ခံ/ မျှောစာတွဲ